Forest Trends Information Brief

Information Brief No 3
September 2012

# မြန်မာနိုင်ငံရှိ သစ်တောထောက်ခံချက်

ယခု ဆောင်းပါးသည် မြန်မာနိုင်ငံရှိ သစ်တောထောက်ခံချက် အခြေအနေကို အကျဉ်းချုပ် ဖော်ပြပါသည်။ Forest Trends စာစောင်တွင် ပါဝင်သည့် Kevin Woods နှင့် Kerstin Canby တို့ EFI အကူဖြင့် ရေးသားထားသော "Myanmar Overview of Forest Law Enforcement, Governance and Trade" အခန်းကို အကျဉ်းချုံးဖြည့်စွက် ဖော်ပြထားခြင်း ဖြစ်ပါသည်။

***http://www.forest-trends.org/publication_details.php?publicationID=3159***

## နိဒါန်း

မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် သံတမန်နှင့် ဘဏ္ဍာရေး ပိတ်ဆို့အရေးယူမှုများ လျော့လာခြင်းကြောင့် အနောက်ဘက်နိုင်ငံများ၏ ရင်းနှီးမှု၊ ကုန်သွယ်မှု အခွင့်အလမ်းများ နှင့် ပတ်သက်သည့် စိတ်ဝင်စားမှုများ ပေါ်ထွက်လာစေသည်။ ကမ္ဘာတွင် ထင်ရှားကျော်ကြားသည့် မြန်မာ့ကျွန်းသစ်များ နိုင်ငံခြားသို့ တင်ပို့ခြင်းအပေါ် စိတ်ဝင်စားမှုကြောင့် အမေရိက၊ဥရောပနိုင်ငံများ၊ ဂျပန်နှင့် ဩစတေးလျ နိုင်ငံရှိ သစ်ဝယ်ယူသူများသည် မြန်မာနိုင်ငံတွင်းမှ သစ်လုံးများ (သို့မဟုတ်) သစ်များတင်ပို့ ခြင်းသည် တရားဝင်မှုရှိ၊ မရှိနှင့် ထာဝစဉ်တည်တံ့နိုင်ခြင်းရှိ၊ မရှိ မေးခွန်းများအပြင် အနာဂတ်တွင် ထာဝစဉ် တည်တံ့ နိုင်ခြင်းကို တရားဝင် အတည်ပြုနိုင်ခြင်း(သို့မဟုတ်) ထောက်ခံချက် ပေးနိုင်ခြင်း အလားအလာ များနှင့် ပတ်သက်သည့် မေးခွန်းများ မေးလာကြသည်။

မြန်မာနိုင်ငံတွင် ထောက်ခံချက်အစီအစဉ်များ ချမှတ်လိုသူတို့အတွက် အကျိုးရှိ အခြေခံများဖြစ်သော သိပ္ပံနည်းကျကျ သစ်တောစီမံအုပ်ချုပ်မှုနှင့် ပြည်တွင်းနှင့်ဒေသတွင်း ဆောင်ရွက်မှုများ အစရှိသည့် ရာဇဝင်မှတ်တမ်းရှည်ကြီး ရှိခဲ့သော်လည်း FSC ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြုခြင်း ခံထားရသော ထောက်ခံချက်စံချိန်စံညွှန်း တစ်ခုမှ မြန်မာနိုင်ငံတွင် လက်ရှိမရှိသေးပါ။

တစ်ခုမှတ်သားဖို့ အရေးကြီးသည်မှာ မြန်မာနိုင်ငံတွင် လက်ရှိတည်ရှိနေသော သစ်တောစီမံအုပ်ချုပ်မှုစနစ်များသည် တရားဝင် သတ်မှတ်ထားသည့် သစ်တော ထုတ်လုပ်သည့် နေရာများမှသာ လာသော သစ်များကိုသာ အာရုံစိုက်ပြီး ပြုလုပ်ထားခြင်းဖြစ်သည်။ ဥပမာအားဖြင့် စိုက်ပျိုးရေးလုပ်ရန် ရှင်းလင်းလိုက်သော သစ်တောနေရာများမှ ရရှိသော သစ်များသည် သစ်တောဦးစီးဌာန၏ စီမံအုပ်ချုပ်သည့် အစီအစဉ်ထဲတွင် မပါဝင်သောကြောင့် ထိုကဲ့သို့ အာမခံချက်များ ရှိမည်မဟုတ်ပါ။ ရေအားလျှပ်စစ် အဆောက်အအုံများ၊ တွင်းထွက် ပစ္စည်းများ တူးဖော်ခြင်း၊ လမ်းတံတား စီမံကိန်းများ၊ လတ်တလောပြုလုပ်နေသော စက်မှုစိုက်ပျိုးရေး နေရာများ အစရှိသည့် စီးပွားရေးအတွက် လိုက်လျောပေးမှုများသည် မြန်မာ နိုင်ငံ၏ တစ်ခုတည်းသော အများဆုံး သဘာဝသစ်များ ရရှိသည့် နေရာဖြစ်ပြီး သစ်တောဧရိယာများ လျင်မြန်စွာ ကျဆင်းလာခြင်း၏ ထိပ်ဆုံးအကြောင်းအရာ တစ်ခုလည်း ဖြစ်သည်(ယခုအချိန် ခန့်မှန်းချက် အရ စုစုပေါင်းမြေဧရိယာ၏ ၂၄ ရာခိုင်နှုန်းခန့်သာ ရှိသည်)။

သစ်တောစိုက်ခင်းများထံမှ ရရှိသည့် သစ်များကို နိုင်ငံ၏ သစ်ထုတ်လုပ်အား၏ အဓိကထည့်ဝင်သူ အဖြစ် သတ်မှတ်ထားခြင်း မရှိသေးပါ၊ သဘာဝသစ်တောဧရိယာများသည် အဓိကအားထားရသော သစ်ရရှိသည့် နေရာများအဖြစ် ဆက်လက်တည်ရှိနေသေးသည်။ မြန်မာနိုင်ငံရှိ သစ်တောစီမံအုပ်ချုပ်မှုစနစ်သည် သစ်လာရာ ဇစ်မြစ်ပေါ်မူတည်၍ - သဘာဝသစ်တောမှ လာသည်ဖြစ်စေ၊ စိုက်ပျိုးခင်း တစ်ခု (သို့မဟုတ်) လိုက်လျောပေးထားသည့် စီးပွားရေးမြေမှဖြစ်စေ၊ ခွဲထားခြင်း မရှိသေးပါ။ ထိုကဲ့သို့ သစ်များ မည်သည့် နေရာမှ ရရှိသည်ကို ရှင်းလင်းစွာ ဖော်ပြထားခြင်း မရှိသည့်အတွက် နိုင်ငံတွင် သစ်တောထောက်ခံမှု ပြုလုပ်ရန် ကြိုးပမ်းမှုများအား အဓိက အတားအဆီးတစ်ခု ဖြစ်စေသည်။

## နိုင်ငံတော် သစ်တောစီမံအုပ်ချုပ်မှု၏ ခိုင်မာသည့် အခြေခံ

ယနေ့ထိတိုင် ကျင့်သုံးနေသော မြန်မာနိုင်ငံ သစ်တောစီမံအုပ်ချုပ်မှုစနစ်၏ အခြေခံကို ၁၈၀၀ ခုနှစ် နှောင်းပိုင်းတွင် ဗြိတိသျှနယ်ချဲ့တို့ စတင်ချမှတ်ခဲ့သည်။ မြန်မာ့ရွေးချယ်မှုစနစ် Burma Selection System (BSS)၊ ယခု မြန်မာ(MSS) ဟူ၍ အများက သိသော ၂၀ ရာစုအစောပိုင်း ရှိ သိပ္ပံနည်းကျကျ

FOREST TRENDS

သစ်တော စီမံအုပ်ချုပ်မှုစနစ်ကြောင့် မြန်မာနိုင်ငံသည် ကမ္ဘာတွင် ကျော်ကြားခဲ့သည်။ ထိုသီပွံနည်းကျကျ သစ်တောစနစ် ကျင့်သုံးခြင်းသည် ၁၉၇၀ ခုနှစ်များတွင် နိုင်ငံရေးနှင့် စီးပွားရေး အကြောင်းများကြောင့် ရပ်နားသွားသော်လည်း သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ သယ်ယူခြင်းနှင့် ပတ် သက်သည့်နည်းတူ ခိုင်မာသည့် ဥပဒေနှင့် စည်းမျဉ်းများ ဆက်လက်တည်ရှိနေပြီး သစ်တောထောက်ခံချက်နှင့် chain-of-custody (CoC) စနစ် များအတွက် အရေးကြီးသည့် အခြေခံတစ်ခုအနေနှင့် အကျိုးသက်ရောက်နိုင်ပါသည်။ ဥပမာအားဖြင့် သစ်တောဦးစီးဌာနသည် သစ်များ၏ တရားဝင်မှုကို အတည်ပြုရန်ဖြစ်သည်။ ထုတ်လုပ်သည့် လုပ်ထုံးလုပ်နည်းများကို စောင့်ကြည့်ပြီး စုံစမ်းရမည်ဖြစ်သည်။ ထိုအထဲတွင် သစ်တုံးများပေါ်ရှိ hammer marks များကို တရား ဝင် စာရွက်စာတမ်းများနှင့် ကုန်လှောင်ရုံများ၊သစ်စက်များတွင် စစ်ဆေးရန် ပါဝင်သည်။ သို့သော်လည်း ထိုစည်းမျဉ်းများကို ကျင့်သုံးခြင်းအား အရင်းအမြစ်များ လိုအပ်နေခြင်းနှင့် အခြားအတားအဆီးများကြောင့် အဟန့်အတားများ ဖြစ်စေသည်။ MSS စနစ်ကို ဆိုးဝါးစွာ အနှောင့်အယှက် ဖြစ်စေသည်။

လွှတ်တော်နှင့် အသစ်ဖွဲ့စည်းထားသော ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန (MOECAF) (ယခင် သစ်တောဝန်ကြီးဌာန) သည် မြန်မာနိုင်ငံရှိ သစ်တောစီမံအုပ်ချုပ်မှုကို ပိုမိုထိရောက်လာစေရန်နှင့် ကျင်လည်လာစေရန် လက်ရှိကျင့်သုံးနေသော ၁၉၉၂ ခုနှစ် သစ်တော ဥပဒေကို ပြန်လည်မွမ်းမံပြင်ဆင်ရန် ဆွေးနွေးလျက်ရှိသည်။ ၂၀၁၃ ခုနှစ်တွင် သစ်တောဥပဒေ အသစ်ပေါ်ပေါက်လာမည့် အလားအလာများပြီး ထိုဥပဒေကို အသက်သွင်းရန် ဥပဒေများနှင့် ညွှန်ကြားချက်များ ထုတ်ပြန်မည်ဖြစ်သည်။ MOECAF ၏ ဝန်ကြီးသည် သစ်တောဥပဒေ စည်းမျဉ်းများ အသစ်ရေးဆွဲသည့် အခါတွင် ပြည်သူများပါ ပါဝင်ရေးဆွဲရန် မေတ္တာရပ်ခံထားခြင်းသည် ပိုမိုကောင်းမွန်သည့် ပွင့်လင်းမြင်သာမှုနှင့် အုပ်ချုပ်မှုတို့၏ လက္ခဏာတစ်ခု ဖြစ်သည်။ နိုင်ငံ၏ သစ်တောကဏ္ဍတွင် ပိုမိုအားကောင်းစွာ ဝင်ရောက်ပြီး ပါဝင်ရန် ပြည်သူလူထုကို တွန်းအားတစ်ခုပေးပြီး ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောဥပဒေကိုလည်း သစ်တောဥပဒေ ပြင်ဆင်ခြင်း၏ တစ်စိတ်တစ်ပိုင်း အနေနှင့် ပါဝင်ရန် ဖြစ်သည်။ ထိုပြုပြင်ပြောင်းလဲမှုများသည် ပြောင်းလဲပြင်ဆင်ထားသည့် ဥပဒေဘောင်အောက်တွင် တရားဝင်မှု အတည်ပြုခြင်းအတွက် အခွင့်အရေးများ ပိုမိုပေးနိုင်မည်ဖြစ်သည်။

## နိုင်ငံတော် ထောက်ခံချက် စံချိန်စံညွှန်းများအတွက် ဆောင်ရွက်ခဲ့သော ပမာဏခြေလှမ်းများ

နိုင်ငံတော် အစိုးရသည် အေဂျင်စီအမျိုးမျိုး ပါဝင်သည့် ကော်မတီများ၊ စံနှုန်းအညွှန်းများ (C & I - Criteria & Indicators)၊ နိုင်ငံတော် သတ်မှတ်ချက်စံ (codes) များ၊ ထိခိုက်မှုကို လျော့ကျစေသည့် သစ်ခုတ်ယူခြင်း (RIL - reduced impact logging)၊ အဆင့်ဆင့် ထိန်းသိမ်း စောင့်ရှောက်မှု (COC - chain of custody) တို့ပါဝင်သည့် များစွာသော ပမာဏခြေလှမ်းများကို နှစ်ပေါင်းများစွာ ပြုလုပ်ရင်း ထောက်ခံချက်ကို ထောက်ခံအားပေးခဲ့သည်။ အများစုမှာ ကနဦး တွန်းအားပေးပြီးနောက်ပိုင်းတွင် နှေးကွေးစွာသာ ရွေ့လျားခြင်း (သို့မဟုတ်) လုံးဝရွေ့လျားခြင်း မရှိတော့ဘဲ နေကြတော့သည်။ သို့သော်လည်း ထိုပမာဏ ခြေလှမ်းများသည် ခိုင်မာသည့် နိုင်ငံတော်၊ ဒေသတွင်း (သို့မဟုတ်) အပြည်ပြည်ဆိုင်ရာ ထောက်ခံချက် စနစ် တည်ဆောက်ရန်တွင် အခြေခံ တစ်ခုအဖြစ် အကျိုးသက်ရောက်နိုင်သည်။

၁။ မြန်မာနိုင်ငံ သစ်ထောက်ခံချက်ပြုရေး ကော်မတီ (TCCM - Timber Certification Committee of Myanmar) သည် ဝန်ကြီးဌာနအဆင့် အမိန့်ဖြင့် ၁၉၉၈ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ၁၉၉၉ ခုနှစ် တွင် အလုပ်အမှုဆောင် အဖွဲ့ကို သစ်တောထောက်ခံချက်ပြုရေးနှင့် ပတ်သက်သော အလားအလာရှိသည့် လိုအပ်ချက်များကို စူးစမ်းလေ့ လာရန် ဖွဲ့စည်းခဲ့သည်။ ယနေ့တွင် TCCM သည် နိုင်ငံတော် အာဏာပိုင်အဖွဲ့အဖြစ် မြန်မာနိုင်ငံတွင်းရှိ အနာဂတ်တွင် ပြုလုပ်မည့် သစ်ထောက်ခံချက် ဖြစ်စဉ်နှင့် ဆောင်ရွက်ချက်များအား စောင့်ကြည့်ခြင်းကို ဆောင်ရွက်နေသည်။ ထိုကော်မတီတွင် MOECAF အောက်ရှိ ဌာနများနှင့် အဖွဲ့အစည်းအားလုံးမှ အစိုးရအရာရှိများ၊ FREDA မှ ကိုယ်စားလှယ်တစ်ဦး၊ MOECAF မှ အငြိမ်းစားဝန်ကြီးတစ်ဦး ဦးဆောင် သည့် ပြည်တွင်းသစ် NGO တစ်ခုတို့ ပါဝင်သည်။ ၂၀၀၅ ခုနှစ်တွင် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း (MTMA - Myanmar Timber Merchant's Association) ကို ထည့်သွင်းရန် TCCM ကို ပြောင်းလဲပြုပြင် ဖွဲ့စည်းခဲ့သည်။ ထိုကဲ့သို့ ဖွဲ့စည်းပြီးချိန်မှ စ၍ မလေးရှားနိုင်ငံရှိ မလေးရှားသစ်ထောက်ခံချက် ကောင်စီ (MTCC - Malaysia Timber Certification Council) နှင့် Eco-labeling Institute of Indonesia (LEI) အစရှိသည့် ဒေသတွင်းရှိ အခြား သစ်ထောက်ခံချက် ပြုသည့် အဖွဲ့အစည်းများနှင့် အပြန် အလှန် သဘောဖြင့် အချိတ်အဆက်များ ပြုလုပ်ခဲ့သည်။ သို့သော် TCCM သည် အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများက တောင်းဆိုသကဲ့သို့ အစိုးရနှင့် သစ်ထောက်ခံချက်ပြုလုပ်သည့် အဖွဲ့အစည်းတို့နှင့် လုံလောက်စွာ လွတ်လပ်ချင်မှ လွတ်လပ်မည် ဖြစ်သည်။

၂။ TCCM သည် မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရပြီး လက်တွေ့ကျသည့် သစ်ထောက်ခံချက် အစီအစဉ်ကို ချမှတ်နိုင်ရန် အခြေခံသဘော တရားများ၊ နည်းပညာများနှင့် လုပ်ငန်းအစီအစဉ်ကို ဖော်ထုတ်ရန် ကြိုးပမ်းလျက်ရှိသည်။ TCCM သည် ယခုအခါ သူ့ထက်ပိုကြီးသော မြန်မာသစ်ထောက်ခံချက် အစီအစဉ် (MTCP - Myanmar Timber Certification Program) ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ သစ်တော အုပ်ချုပ်မှု ယူနစ် (FMUs - Forest Management Units) အဖြစ် လက်ခံသဘောထားနိုင်သော သစ်တောမြေစုစုပေါင်း ၆၃ ခုအနက် ၃၈ ခုမှာ MTCP က သစ်များ ခုတ်ယူနေသည့် နေရာများဖြစ်သည်။ သစ်တောအုပ်ချုပ်မှုကို ဗဟိုချုပ်ကိုင်မှုမှ လက်ပြောင်းပေးမှု တွန်းအားကြောင့် FMU မန်နေဂျာများအား MTCP ဖြစ်မြောက်ရေး အစီအစဉ် မူကြမ်းများအား ရေးဆွဲခွင့်ပေးပြီး သစ်တောမြေ တစ်ခုစီတွင် မိမိကိုယ်ပိုင် သစ်တော အုပ်ချုပ်မှု အစီအစဉ်များ ယခုအခါ ရှိလာပြီဖြစ်သည်။ ယခုအခါ ဖော်ထုတ်ထားသည့် စံနှုန်းအညွှန်းများ (C & I) ၏ လက်ရှိ စွမ်းဆောင်မှုကို

ကြိုတင် အကဲဖြတ်မှုများကို FMU ပေါင်းစုံမှာ ပြုလုပ်ကြသည်။ လွတ်လပ်သည့် သီးခြား အကဲဖြတ်မှုကို နောက်သတ်မှတ်ထားသည့် နေ့ရက်တစ်ခု၌ ကြားလူအဖြစ် တတိယလူကို မဖွဲ့စည်းရသေးသည့် အစိုးရ အဖွဲ့အစည်းတစ်ခု၏ လမ်းညွှန်မှုအောက်တွင် ထားပြီး ပြုလုပ်သွားမည် ဖြစ်သည်။

၃။ နိုင်ငံတော် အဆင့်နှင့် FMU အဆင့် နှစ်ခုစလုံးရှိ ထာဝစဉ်တည်တံ့စေတဲ့ သစ်တော အုပ်ချုပ်မှု (SFM - Sustainable Forest Management) အတွက် မြန်မာနိုင်ငံ စံနှုန်းအညွှန်းများကို ၁၉၉၉ ခုနှစ်တွင် ခွင့်ပြုခဲ့ပြီး အပူပိုင်းဒေသရှိ သစ်တောများ၏ SFM အတွက် ITTO ၏ ၁၉၉၈ ခုနှစ် C & I အပေါ် အခြေခံထားသည်။ လုပ်ဆောင်မှုတစ်ခုချင်း၏ စွမ်းဆောင်ရည် စံနှုန်းများနှင့် အတူ နိုင်ငံအဆင့်နှင့် FMU အဆင့်နှစ်ခုလုံးတွင် စုစုပေါင်း စံ ၇ မျိုးဖော်ထုတ်တွေ့ရှိထားပြီး နိုင်ငံအဆင့်တွင် အညွှန်း ၇၈ ခုနှင့် လိုအပ်သည့် ဆောင်ရွက်မှု ၂၆၇ ခုရှိပြီး၊ FMU အဆင့်တွင် အညွှန်း ၇၃ ခုနှင့် လိုအပ်သည့် ဆောင်ရွက်မှု ၂၁၇ ခု ရှိသည်။ SFM အတွက် ITTO C & I သည် FMU အဆင့်တွင် စံ ၇ ခုနှင့် အညွှန်း ၅၁ ခု ထည့်သွင်းပါဝင်နိုင်ရန် ၂၀၀၅ ခုနှစ်တွင် ထပ်မံမွမ်းမံ ပြင်ဆင်ခဲ့သည်။

၄။ ၂၀၀၂၊ ၂၀၀၇ နှင့် ၂၀၁၀ ခုနှစ်တို့တွင် ပြုလုပ်ခဲ့သည့် ပထမအကြိမ်၊ ၆ ကြိမ်မြောက်နှင့် ၉ ကြိမ်မြောက် Pan-ASEAN သစ်ထောက်ခံချက် ပဏာမခြေလှမ်း (Pan-ASEAN Timber Certification Initiative) သီးခြားအလုပ်အမှုဆောင်အုပ်စု အစည်းအဝေးများကို မြန်မာနိုင်ငံက ပါဝင်တက်ရောက်ခဲ့သည်။ TCCM သည် ယခုအခါ မြန်မာနိုင်ငံ၏ သစ်တောအုပ်ချုပ်မှုစနစ်ကို ရောင်ပြန်ဟပ်သည့် သစ်ထောက်ခံချက်စံနှုန်းနှင့် ဖြစ်စဉ်ကို ဖော်ထုတ်နေသည်။ မြန်မာနိုင်ငံ၏ ITTO ကို အခြေခံထားသော C & I များသည် FMU အဆင့် သစ်ထောက်ခံချက်စာရင်း (checklist) ဖော်ထုတ်ရာတွင် အခြေခံအကြောင်းရင်း ဖြစ်သည်။ ရန်ကုန်မြို့တွင် ဇူလိုင် ၂၀၁၀ အတွင်း ပါဝင်လှုပ်ရှားနေသော သစ်တောအရာရှိများနှင့် MTMA အဖွဲ့ဝင်များနှင့် တွေ့ဆုံမေးမြန်းပွဲများ)။

၅။ ၂၀၀၀ ခုနှစ်တွင် မြန်မာနိုင်ငံရှိ MOECAF သည် ၂၀၀၃ ခုနှစ်တွင် ပြင်ဆင်ရေးဆွဲထားသည့် ဒေသဆိုင်ရာ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) / အာရှ-ပစိဖိတ် သစ်တောဆိုင်ရာ ကော်မရှင်၏ အာရှ-ပစိဖိတ်အတွက် သစ်တောထုတ်လုပ်သည့်အခါ သုံးရန် လုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်စံ (Code of Practice) ကို အခြေပြု၍ နိုင်ငံတော် သစ်ထုတ်လုပ်ခြင်း လုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်စံ (NCOHP - National Code of Harvesting Practices) ကို ပြုလုပ်ခဲ့သည်။ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) နှင့် ဂျပန်အစိုးရတို့သည် ၂၀၀၃ ခုနှစ်မှ ၂၀၀၈ ခုနှစ် အထိ (အာရှတွင်ထာဝစဉ်တည်တံ့စေသည့် သစ်တောထုတ်လုပ်မှု အားကောင်းရန်) ကို ထောက်ပံ့ခဲ့သည်။ ထိုအရာသည် သစ်တောထုတ်လုပ်မှုကို တိုးတက်စေရန် အသုံးချသည့် ကနဦးအဆင့်များ ဖြစ်သည်။

၆။ ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံသည် ထိခိုက်မှုကို လျော့ကျစေသည့် သစ်ခုတ်ယူခြင်း (RIL) လမ်းညွှန်ချက်များကို ချမှတ်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာက အသိအမှတ်ပြုမည့် အမျိုးသားသစ်ထောက်ခံချက်စံနှုန်း ပေါ်ထွက်လာခြင်းကို ဦးဆောင်နိုင်ရန် ရည်ရွယ်သည့် RIL လမ်းညွှန်ချက်များသည် NCOHP အကောင်အထည်ဖော်ရန် လမ်းညွှန်သည့် ယန္တရားများဖြစ်သည်။

၇။ MTCP စတင်လည်ပတ်သည့် ပထမ ၂ နှစ်အချိန်ကာလအတွင်း ပထမဦးဆုံး အဆင့်ဆင့်ထိန်းသိမ်းစောင့်ရှောက်မှု (COC) ထောက်ခံချက် ရရှိနိုင်ရန် မျှော်လင့်ချက်ဖြင့် တရားဝင်သစ်များနှင့် ထာဝစဉ်တည်တံ့မည့် သစ်များအတွက် COC လိုအပ်ချက်များကို ယခုအခါ ဖော်ထုတ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် COC နှင့် SFM ထောက်ခံချက်များ အကောင်အထည်ဖော်ခြင်းသည် အာဆီယံအသင်း(ASEAN) ၏ ၂၀၁၅ ပစ်မှတ်အတွင်း မြန်မာနိုင်ငံက ရရှိနိုင်မည်ဟု အစိုးရက မျှော်မှန်းထားပါသည်။

## စိုက်ခင်းများ ထောက်ခံချက်

သဘာဝသစ်တောမှ လာသည်ဖြစ်စေ၊ စိုက်ပျိုးခင်း တစ်ခု (သို့မဟုတ်) လိုက်လျောပေးထားသည့် စီးပွားရေးမြေမှဖြစ်စေ သစ်များကို ခြားနားခွဲခြားသည့် မည်သည့် စနစ်တစ်ခုမှ မြန်မာနိုင်ငံတွင် မရှိသေးပါ။ မြန်မာ့သစ်ထောက်ခံချက် အစီအစဉ် (MTCP) အနေဖြင့် သစ်စိုက်ခင်းမှ လာသော သစ်များအတွက် ထောက်ခံချက် အစီအစဉ် ပြုလုပ်ရန် အကြံအစည်ရှိသော်လည်း ယခုအချိန်အထိ မည်သည့်လုပ်ငန်း အစီအစဉ်မှ မစရသေးပါ။ နိုင်ငံ၏ ပုဂ္ဂလိက နယ်ပယ်တွင် သစ်စိုက်ခင်းများ ပြုလုပ်ခြင်း၏ အဓိက အဟန့်အတားသည် မြေပိုင်ဆိုင်မှုသက်တမ်း ပြဿနာဖြစ်ပြီး MOECAF သည် သိပ်မဝေးသည့် အနာဂတ်တွင် ထိုကိစ္စကို သစ်တောဥပဒေ ပြောင်းလဲမှုများနှင့်အတူ ရင်ဆိုင်သွားရန် ရည်ရွယ်ထားပါသည်။

## ဒေသခံ ပြည်သူ့အစုအဖွဲ့ပိုင် သစ်တောများ ထောက်ခံချက်

၂၀၁၁ ခုနှစ်အထိ တရားဝင်ဒေသခံ ပြည်သူ့အစုအဖွဲ့ပိုင် သစ်တောထောက်ခံချက် ရရှိထားသည့် သစ်တောအုပ်စုများ (FUG - Forest User Groups) ၅၇၂ အုပ်စုရှိပြီး သစ်တောဧက တစ်သိန်းကျော်ကို စီမံကွပ်ကဲနေသည် (တစ်နိုင်ငံလုံး သစ်တောဧရိယာ၏ ၀.၁၃ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်)။ တရားဝင်ထောက်ခံချက်များ ရရှိရန် စောင့်နေသော နောက်ထပ်အများအပြား ရှိပြီး ထိုထက်ပိုများသော အရေအတွက်သည် သူတို့၏ သစ်တောများကို တရားဝင် ဒေသခံပြည်သူ့အစုအဖွဲ့ပိုင် သစ်တောအုပ်ချုပ်မှု အောက်တွင် စီမံကွပ်ကဲပြီး နေကြသည်။ ဒေသခံ ပြည်သူ့အစုအဖွဲ့ပိုင် သစ်တောစု အရေတွက်သည် အစိုးရ၏ လွှမ်းခြုံရေးဆွဲထားသော အစီအစဉ် (Master Plan) နှစ် ၃၀ လျာထားချက်ဖြစ်သည့် ၂၀၃၀ ခုနှစ်တွင် ဧက

သန်းပေါင်း၂.၂၇ သန်းရရှိရေးကို မီရန် များစွာလိုနေသေးသည် (တင့်၊ Springate-Baginski နှင့် ကိုကိုကြီး၊ ၂၀၁၁)။

ယခုအချိန်အထိ မည်သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောမှ သစ်ထုတ်လုပ်ခြင်းမစတင်သေးသောကြောင့် နိုင်ငံ၏ သစ်ကုန်သွယ်မှု အရောင်းအဝယ် နယ်ပယ်တွင် ပါဝင်ခဲ့လျှင်တောင် မည်ကဲ့သို့ပါဝင်မည်ဆိုသည်ကို ပြောရန် စောလွန်းသေးသည်။ မည်သည့် အစိုးရအုပ်ချုပ်မှု အစီအစဉ်ထဲမှာမှ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများကို နိုင်ငံ၏ သစ်နယ်ပယ်သို့ ဖြည့်ဆည်းပေးမည့် စာရင်းထဲ ထည့်ထားခြင်း မရှိပါ။ ဥပမာအားဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများကို ရည်ရွယ်ထားသည့် မည်သည့် ထောက်ခံချက် အစီအစဉ်မှ မရှိသေးပါ။

## မြန်မာ့သစ်များ တရားဝင် တင်ပို့ခြင်း

လွန်ခဲ့သည့် နှစ်များအတွင်း မြန်မာနိုင်ငံ၏ တရားမဝင် သစ်တင်ပို့ခြင်း၊ အထူးသဖြင့် တရုတ်နယ်စပ်နှင့် ပတ်သက်သည့် ထင်မြင်ချက်ပေးမှုများစွာ ပေါ်ထွက်နေသည်။ မတ်လ ၂၀၀၆ ခုနှစ်တွင် တရုတ်နှင့် မြန်မာ အစိုးရတို့သည်၊ အပြည်ပြည်ဆိုင်ရာတွင် အရှက်နှင့် ဖိအားများစွာ ရခဲ့ပြီးနောက်၊ နယ်စပ်ဖြတ်ကျော်သည့် သစ်ကုန်သွယ်မှုကို နှိပ်ကွပ်အရေးယူရန် နှစ်ဦးသဘောတူညီချက် ပြုလုပ်ခဲ့ကြသည်။ ထိုကဲ့သို့ အရေးယူပြီး နှစ်အနည်းငယ် ကြာသောအခါ တရားမဝင် နယ်စပ်ဖြတ်ကျော်သည့် ကုန်သွယ်မှု သိသိသာသာ ကျဆင်းသွားပြီးနောက် ယခုအခါ ထိုကုန်သွယ်မှု ပြန်လည်ဖြစ်ပေါ်လာသော်လည်း ယခင်ကဲ့သို့ ထိတ်လန့်စေသည့်အဆင့်မျိုးထက်တော့ များစွာ နည်းသေးသည်။ ယခု ဖြစ်ပေါ်နေသော နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုသည် များသောအားဖြင့် ညအချိန်တွင် မော်တော်ဆိုင်ကယ်များဖြင့် ကုန်းပေါ်ဖြတ်လမ်းများမှ ဖြစ်သည်။ နယ်စပ်သစ်ဖြတ်ကျော်ခြင်းကို တားမြစ်သည့် အချိန်မှ စ၍ တရုတ်ပြည်ဆီသို့ သွားသည့် သစ်ပမာဏသည် ကျဆင်းသွားပြီး အိန္ဒိယနိုင်ငံသို့ သစ်တင်ပို့ခြင်းသည် တဖြည်းဖြည်းတိုးမြင့်လာကာ မြန်မာ့သစ်ကို အဓိက တင်သွင်းသူအဖြစ် တရုတ်နိုင်ငံကို အစားထိုးလာပြီ ဖြစ်သည်။

တစ်ချိန်က တရုတ်ပြည်သို့ ဖြတ်ကျော်ပြီးသွားသည့် သစ်များဆီမှ ရရှိသည့် ဝင်ငွေကို ပိုပြီးထိန်းသိမ်းနိုင်ရန် ရန်ကုန်မှ တစ်ဆင့် သစ်များကို သင်္ဘောဖြင့် တင်ပို့ရန် အစိုးရသည် ပဏာမခြေလှမ်းသစ်များဖြင့် တွန်းအားပေးလျက်ရှိသည်။ ထုတ်လုပ်ပြီး တင်ပို့သည့် သစ်အများစုမှာ MOECAF အောက်ရှိ အစိုးရပိုင် မြန်မာသစ်လုပ်ငန်း (MTE - Myanmar Timber Enterprise) ၏ ပူးပေါင်းမှုဖြင့် မြန်မာပုဂ္ဂလိက ကုမ္ပဏီများက ပြုလုပ်သည် ဖြစ်သော်လည်း ရန်ကုန်မှ သင်္ဘောဖြင့် တင်ပို့သည့် သစ်အားလုံးအပေါ်တွင် MTE အမှတ်အသားတံဆိပ်များ ရေးဆွဲထားသည်။ ထို့ကြောင့် MTE အမှတ်အသားပါ သစ်များသည် အစိုးရက တရားဝင်ဟု သတ်မှတ်ထားသော သစ်များဖြစ်ပြီး ရန်ကုန် သစ်ဆိပ်များမှ တင်ပို့သည်။ အစိုးရ၏ တရားမဝင်သစ်တင်ပို့ခြင်းနှင့် အလားတူ ကုန်သွယ်မှုမျိုးများကို ဝန်ခံသည့်အခါ တရုတ်နိုင်ငံနှင့် ယိုးဒယားနိုင်ငံ အစရှိသည့် နယ်စပ်ဖြတ်ကျော်သည့် မှောင်ခိုလုပ်ငန်းများကို ဆိုလိုသည်။

မြန်မာသစ်များကို အနောက်တိုင်နိုင်ငံများ၏ ပိတ်ဆို့ခြင်းများကို ကျော်ဖြတ်၍ အနောက်တိုင်းနိုင်ငံများရှိ တင်ပို့နိုင်ရန် မှုရင်းစာရွက်စာတမ်းများကို အတုအပလုပ်ပြီး ဒေသတွင်းနိုင်ငံများဆီသို့ တင်ပို့သည့် ပြဿနာများ ရှိသည်ကို မြန်မာသစ်ကုန်သည် အချို့နှင့် ဆိပ်ကမ်းအာဏာပိုင်များက ဝန်ခံပြောကြားခဲ့သည်။ သို့သော်လည်း သစ်အပါအဝင် အခြားအနောက်တိုင်း နိုင်ငံများ၏ ပိတ်ဆို့မှုများ လျော့ပါးသွားသည်နှင့်အတူ ထိုကုန်သွယ်မှုမျိုးများလည်း လျင်မြန်စွာ ပြောင်းလဲသွားမည်ဟု မျှော်လင့်ရပါသည်။

## နိဂုံး

မြန်မာနိုင်ငံ၏ အစိုးရအသစ်သည် ယခုအခါ နိုင်ငံ၏ သစ်တောဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံ၏ အခြားနယ်ပယ် ကဏ္ဍများနှင့် အတူမည်ကဲ့သို့ ရှေ့ဆက်ရမည်ကို စဉ်းစားဆွေးနွေးလျက် ရှိသည်။ မြန်မာနိုင်ငံသည် သစ်လုံးများ ဆက်လက်တင်ပို့ခွင့် ပြုနေသော ကမ္ဘာရှိ နိုင်ငံအနည်းစုထဲမှ တစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ သစ်လုံးများ ဆက်လက်တင်ပို့ခွင့်ကို တားဆီးသင့်၊မသင့်ကို ယခု ဆွေးနွေးပွဲသည် အာရုံစိုက်လျက်ရှိသည်။ သစ်လုံးများ တင်ပို့ခြင်းကို တားမြစ်ခြင်းသည် စောလွန်းနေသော်လည်း ကျွန်းအပါအဝင် အစိုးရ၏ သစ်မာများအပေါ် ထုတ်လုပ်ခွင့် ပမာဏ (Annual Allowable Cut, or AAC) သည်

UKaid from the Department for International Development
Norad
**Forest Trends**
**1203 19th Street, NW**
**Washington DC 20036 USA**
**www.forest-trends.org**

သိပ်မဝေးသည့် အနာဂတ်တွင် ပထမဆုံးအကြိမ် လျှော့ကျလာမည် (သို့မဟုတ်) ကြတ်မတ်စွာ လိုက်နာရမည်ဖြစ်သည်။ တင်ပို့သည့်အခါ တန်ဖိုးပိုမိုရရှိရန် ပြည်တွင်းသစ်အချောထည်လုပ်ငန်းများအပေါ် အစိုးရက ပိုမိုအထောက်အပံ့ပေးရန် MOECAF က ဆက်လက်တွန်းအားပေး လျက်ရှိသည်။ ထိုအရာသည် မြန်မာနိုင်ငံတွင်း သဘာဝသစ်ပမာဏ ဆိုးရွားစွာ ကျဆင်းလာသည်ကို MOECAF၊ မြန်မာနိုင်ငံ သစ်လုပ် ငန်းရှင်များအသင်းနှင့် သစ်ကုန်သည်များအကြား လက်ခံလာခြင်းကို ရောင်ပြန်ဟပ်စေသည်။ ပြောင်းလဲ ပြင်ဆင်လိုသည့် စိတ်ရှိသော သစ်တောဆိုင်ရာ အရာရှိများ တောင်းဆိုသည်မှာ တစ်ချိန်က ကမ္ဘာကို ကျော်ကြားစေခဲ့ မြန်မာ့သစ်တော စီမံအုပ်ချုပ်ရေးစနစ်ကို ပြုလုပ်ပေးခဲ့တဲ့ ပိုမိုကြပ်မတ်သည့် စည်းမျဉ်းဥပဒေများသာ ဖြစ်ပါသည်။

---